
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၀)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁၅ ရက်အထိ)

### သေဆုံးခဲ့သူ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက်မှာ ၇၂၆ ဦးထက် မနည်း ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ဧပြီ ၁၅ ရက်အထိ ပြုစုခဲ့သော မှတ်တမ်းများအရ အချက်အလက်ရရှိသူ ၆၄၂ ဦး ရှိပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၇ ရက်အတွင်း သေဆုံးခဲ့ရသူ ၆၁၄ ကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၆ ကိုရှု)** မှ ယခု ၇၂၆ ကျော် ဖြစ်လာသည့်အတွက် **တပတ်အတွင်း သေဆုံးသူ ၁၁၂ ဦး တိုးလာ**ခဲ့ခြင်းဖြစ်သည်။


## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၀)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၅ ရက်အထိ)

**ပဲခူးတိုင်း၌ သေဆုံးရမှု များလာ**

ယခုတပတ်အတွင်း အာဏာသိမ်း စစ်ကောင်စီ၏ ပစ်ခတ်မှုများကြောင့် သေဆုံးခဲ့ရသူ ၁၁၂ ဦးကျော်ရှိခဲ့ပြီး ၈၂ ဦးကျော်မှာ ပဲခူးတိုင်းမှ ဖြစ်ပါသည်။ မေ ၉ ရက် တရက်တည်းမှာပင် ပဲခူးမြို့ မဂ္ဂတစ်လမ်းရှိ သပိတ်ခံတပ်ကို အာဏာသိမ်းစစ်ကောင်စီမှ လက်နက်ကြီးများပါအသုံးပြု၍ အင်အားသုံးအကြမ်းဖက်ဖြိုခွင်းခဲ့မှုကြောင့် ပြည်သူ ၈၂ ဦးကျော် သေဆုံးခဲ့ရပါသည်။





ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၀)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁၅ ရက်အထိ)

**သေဆုံးခဲ့ရသော အသက်အုပ်စု**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၇၂၆ ဦးကျော်အနက် အသက် အတိအကျသိရှိရသူ ၅၀၉ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးရသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် ၁၈ နှစ်အောက် သေဆုံးရသူ ၅၀ ဦး ရှိလာသည်။ အသက် အတိအကျမသိရသူ ၂၁၇ ဦး ရှိပါသည်။


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၀)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၅ ရက်အထိ)

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၇၂၆ ဦးကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၉၂ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၇ ရက်အတွင်း သေဆုံးခဲ့ရသူ ၆၁၄ ကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၉၂ ဦးကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၆ ကိုရှု**) ရှိခဲ့သည်။ သေဆုံးရသည့်အကြောင်းရင်း အတိအကျမသိရှိရသူ ၂၄၈ ဦး ရှိသောကြောင့် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးရသူအရေအတွက်မှာ ယခုထက် ပိုမိုများပြားနိုင်ပါသည်။ သေဆုံးရသည့် အကြောင်းအရင်း သိရှိရသူ ၄၇၈ ဦးအနက် ၁၉ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သူများဖြစ်သည်။


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၀)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁၅ ရက်အထိ)

**သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၇၂၆ ဦးကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၅၉၇ ဦးသည် အမျိုးသားများဖြစ်ပြီး ၄၅ ဦးမှာ အမျိုးသမီးများ ဖြစ်သည်။ ကျန် ၈၄ ဦးမှာ အတိအကျ မသိရှိရသေးပေ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၀)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဧပြီ ၁၅ ရက်အထိ)

■ သေဆုံးခဲ့ရသော ဒေသများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၇၂၆ ဦးကျော် အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါသည်။

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။